

# ပြည်ထောင်စုသဘောတူစာချုပ်
# အစိတ်အပိုင်း -၁

# ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း -၁

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေး အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ အစည်းအဝေးအား နေပြည်တော်၌ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC က အဆိုပြုတင်သွင်းလာသော အခြေခံမူအဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ပြုလုပ်ပြီး ရရှိလာသော

အဆိုပြုချက်များကို ပြည်ထောင်စု သဘောတူညီမှု အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူရေးထိုးထားသော ပြည်ထောင်စု သဘောတူညီမှု အစိတ်အပိုင်းများ(၂)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့် ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စု သဘောတူညီမှုစာချုပ်အဖြစ် လက်မှတ်ရေးထိုးမည် ဖြစ်သည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူညီစာချုပ် အစိတ်အပိုင်း(၁)မှာ-

(က) နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၂)ချက်၊

(ခ) စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၁)ချက်၊

(ဂ) လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၄)ချက်၊

(ဃ) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် (၁၀) ချက်၊ စုစုပေါင်း (၃၇)ချက်ဖြစ်ပြီး နောက်ဆက်တွဲ- (က)၊ (ခ)၊ (ဂ)၊ (ဃ) ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အပိုဒ် ၂၀(င)အရ ပြည်ထောင်စု သဘောတူညီစာချုပ် အစိတ်အပိုင်း(၁)အဖြစ် ဤ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

# နိုင်ငံရေးကဏ္ဍမူဝါဒသဘောတူညီချက်
# (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)
# ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ

၁။ အချုပ်အခြာအာဏာ ။ ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီးပြည်ထောင်စုတစ်ဝန်းလုံး၌ တည်သည်။

၂။ အချုပ်အခြာအာဏာကျင့်သုံးမှု ။ ။ နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃)ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်း ခြင်းတို့ ပြုရမည်။

၃။ တန်းတူရေး ။ ။ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေး အရဖြစ်စေ၊ တန်းတူရည်တူအခွင့်အရေး ရှိရမည့်အပြင် ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့် ရှိရမည်။

၄။ ဖက်ဒရယ်ပြည်ထောင်စုမှု (ဖွဲ့စည်းမှုနှင့်အာဏာခွဲဝေမှု)

(က) နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည် ထောင်စုအဖြစ် ဖွဲ့စည်းရမည်။

(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တိုင်း ဒေသကြီး၊ ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုင်း ရင်းသားလူမျိုးများ၏အမည်ဖြင့် ဖွဲ့စည်းရမည်။

(ဃ) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ(၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသ ကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများသို့ ခွဲဝေအပ်နှင်း ရမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများအကြား ဥပဒေပြုရေးဆိုင်ရာ အာဏာများနှင့် ပူးတွဲအာဏာ များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။

(င) တိုင်းဒေသကြီး၊ ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင့် တရားစီရင်ရေးအာဏာတည်းဟူသော အာဏာ(၃)ရပ်စလုံးကို အပ်နှင်း

စေရမည်။ ဥပဒေပြုရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် တရား လွှတ်တော်ချုပ်တို့ကို ထူထောင်ခွင့်ရှိစေရမည်။

(စ) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသည် ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့်ရှိစေရမည်။

(ဆ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အချင်းချင်းအကြားတွင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သီးခြားလွတ်လပ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို တည်ထောင်ထားရှိရမည်။

၅။ ပါတီစုံဒီမိုကရေစီစနစ်

(က) ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။

(ခ) လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

## နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် နောက်ဆက်တွဲ (က)
## (၂၀၁၇ခုနှစ်၊ မေလ ၂၉ ရက်)
## ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ

၁။ အချုပ်အခြာအာဏာ ။ ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး၌ တည်သည်။

၂။ အချုပ်အခြာအာဏာကျင့်သုံးမှု ။ ။ နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃)ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုရမည်။

၃။ တန်းတူရေး ။ ။ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေး အရဖြစ်စေ၊ တန်းတူရည်တူအခွင့်အရေးရှိရမည့်အပြင် ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့် ရှိရမည်။

၄။ ဖက်ဒရယ်ပြည်ထောင်စုမှု (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)

(က) နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။

(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တိုင်းဒေသကြီး၊ ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုင်းရင်းသားလူမျိုးများ၏ အမည်ဖြင့် ဖွဲ့စည်းရမည်။

(ဃ) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ(၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများသို့ ခွဲဝေအပ်နှင်းရမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများအကြား ဥပဒေပြုရေးဆိုင်ရာ အာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။

(င) တိုင်းဒေသကြီး၊ ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော အာဏာ(၃)ရပ်စလုံးကို

အပ်နှင်းစေရမည်။ ဥပဒေပြုရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်ချုပ်တို့ကို ထူထောင်ခွင့်ရှိစေရမည်။

(စ) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသည် ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့်ရှိစေရမည်။

(ဆ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အချင်းချင်း အကြားတွင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သီးခြားလွတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို တည်ထောင်ထားရှိရမည်။

၅။ ပါတီစုံဒီမိုကရေစီစနစ်

(က) ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။

(ခ) လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

## စီးပွားရေးကဏ္ဍမူဝါဒ သဘောတူညီချက် နောက်ဆက်တွဲ (ခ)
## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ရက်)
## ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာအခြေခံမူများ

၁။ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ ဖော်ဆောင်ရေး

(က) ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ ဖော်ဆောင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများက ခိုင်မာသည့်မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။

မှတ်ချက် ။ ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ဒေသ ဦးစီးအဖွဲ့များက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်သည့် ဥပဒေများ ပေါ်ပေါက်လာပါက ဆောင်ရွက်ရန်ဖြစ်သည်။

(ခ) အဆိုပါ မူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွားဖွံ့ဖြိုးမှု ကွာဟချက်များလျှော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) တို့ကို ဦးတည်ဆောင်ရွက်ရန်။

(ဂ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် စီးပွားရေး လုပ်ဆောင်မှုများကို ဥပဒေနှင့်အညီ တားဆီးကာကွယ်ရန်။

၂။ လူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အစုအဖွဲ့တစ်စုကဖြစ်စေ စီးပွားရေး လက်ဝါးကြီးအုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ်ရေးအတွက် ဥပဒေများပြဋ္ဌာန်းပေးရန်။

၃။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသအသီးသီးတို့တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းတူညီမျှသော အခွင့်အလမ်းများရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်။

၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာခွဲဝေရန်။

၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၆။ နိုင်ငံတော်၏ ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေးစီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်။

## ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ

၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများ (Regional Comprehensive Development Plans) ရေးဆွဲ အကောင်အထည်ဖော်ရန်။

မှတ်ချက် ။ ။ ပြည်ထောင်စုအစိုးရက ချမှတ်သော မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော် လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။

၂။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့် ဆွဲဆောင်မှုရှိသော အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ရန်။

## လူမှုရေးကဏ္ဍ အခြေခံမူသဘောတူညီချက် နောက်ဆက်တွဲ (ဂ)
## ၂၀၁၇ ခုနှစ် မေလ ၂၉ ရက်

၁။ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည် ရှင်သန်ရပ်တည်နိုင်ရေး (Durable Situation)ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်လုပ်ဆောင်ရန်။

၂။ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် မိမိနေရပ်နှင့် မိမိသွားလိုရာ အခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချ နေထိုင်နိုင်ရန်။

၃။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲချမ်းသာ စသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝမြင့်တင်မှုကို ဆောင်ရွက်ရန်။

၄။ မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များကို အမျိုးသားရေး၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပြဿနာအဖြစ် သတ်မှတ်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး၊ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စီမံချက်ချဆောင်ရွက်ရန်။

## မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ နောက်ဆက်တွဲ (ဃ) သဘောတူညီချက်
## ၂၀၁၇ ခုနှစ် မေလ ၂၉ ရက်

၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော အထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒဖြစ်စေရန်။

၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံရန်

၃။ ဗဟိုထိန်းချုပ်မှု လျှော့ချသည့်မူဝါဒများ ဖြစ်စေရန်

၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေးစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းရေးဆွဲရန်

၅။ မြေယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများရှိစေရန်

၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်

## ပိုင်ဆိုင်ခွင့်

၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှု ရှိရမည်။

## စီမံခန့်ခွဲခွင့်

၈။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသား အခွင့်အရေး တန်းတူညီမျှမှုရှိစေရန်။

၉။ လုပ်ပိုင်ခွင့်ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်းမရှိလျှင် နိုင်ငံတော်က ပြန်လည်ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေး ဆောင်ရွက်စေရန်။

## အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ

၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင်အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ်ထားသော မြေများထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်

# 37 POINTS SIGNED AS PART OF PYIDAUNGSU ACCORD

## 37 points signed as part of Pyidaungsu Accord

37 agreements approved by the Union Peace Conference—21st Century Panglong 2nd session were signed as a part of the Pyidaungsu Accord.

## 37 agreements, signatures of group leaders and witnesses are as follows :

## Pyidaungsu Accord

1 Looking forward to non-disintegration of the Union, non-disintegration of national solidarity and perpetuation of the sovereignty, based on freedom, equality and justice, the Union Peace Conference—21st Century Panglong 2nd session was held at Nay Pyi Taw from 24th May 2017 to 29th May 2017 for building up the Union in harmony with the Panglong spirit, based on democracy and federalism which guarantee

democracy, national equality and self-determination, in accord with the outcomes of the political dialogues.

2 In this Conference, proposals acquired from discussions at different levels made in groups or in sectors over principles and proposals submitted by Union Peace Dialogues Joint Committee have been agreed as part of the Pyidaungsu Accord.

3 Part 1 of the Pyidaungsu Accord approved and signed in this conference and further parts of the agreements to be achieved in imminent different levels are to be combined to be signed as the Pyidaungsu Accord.

4 Part 1 of the Pyidaungsu Accord signed in this conference has

(A) 12 agreements on principles of political sector,

(B) 11 agreements on principles of economic sector,

(C) 4 agreements on principles of social sector,

(D) 10 agreements on principles of land and natural environment sector, altogether 37 agreements. These are described in Appendix—(A) (B) (C) & (D).

5 The above-said agreements have been signed by group leaders and witnesses in the Union Peace Conference—21st Century Panglong 2nd session as the part 1 of Pyidaungsu Accord under clause 20(E) of the Nationwide Ceasefire Agreement.

## Appendix (A)
## Agreement of Principle on Political Sector
## (29th May 29, 2017)
## Principles to be based in Federalism

1 The Sovereign Power— The Sovereign Power of the Union is derived from the citizens and is in force in the entire country.

2 Exercise of Sovereignty– The 3 branches of the sovereign power of the State, namely legislative power, executive power and judicial power are separated to the extent possible, and exert reciprocal control, check and balance among themselves.

3 Equality— Each ethnic national race is must have equality in politics and race, and simultaneously must have the right to keep, protect and upgrade their languages, literatures, traditions and cultures.

4 Principle on Federal Union (Organization & Division of Power)

(A) The State must be set up as the Union based on democracy and federalism.

(B) The Union based on democracy and federalism must be formed by Regions and States.

NB Regions and States must have equality. As regards naming, it will be discussed later.

(C) Self-administered Regions and self-administered areas are must be organized with the names of national races' names.

(D) The 3 branches of the sovereign power of the State, namely legislative power, executive power and judicial power must be divided and entrusted to the Union, Regions, States and Self-administered Regions and areas. The Constitution must divide legislative powers and associated powers among the State, Regions, States and Self-administered Regions and Areas.

(E) Legislature power, executive power and judicial power must be entrusted to Regions & States. Region and State Hluttaws must be

allowed to be set up for exercising legislative power, with Region & State Cabinets for exercising executive power and Region & State Supreme Courts for exercising judicial power in accordance with the authorities conferred upon by the Union Constitution.

(F) Union Government, Region and State Cabinets must have the right of enjoying taxes collected and development projects and resources, according to laws.

(G) Separate and independent tribunal on State Constitution must be set up for dealing with disputes on Constitution among Union and Regions and States or among Regions and States.

(H) Multi-Party Democracy

(A) Multi-Party democratic system must be practised.

(B) Free and fair elections must be held in accord with the prescriptions included in the Constitution.

## Policy and Agreement on Economic Sector (29 May 2017)

## Basic principles for Federal Economy

1. Effective implementation of market economy

   (a) To draw firm policy, law , by-law, rules and regulations at every level such as Union, Regions and States and Self-administered Regions/Zones and promulgate them in order to be able to implement the market economy effectively.

   Remark: The governing body of self-administered Regions and Zones has to carry out if there appears policy, laws, by-laws, rules and regulations which they have rights to draw and promulgate.

   (b) To target to alleviate the poverty, to raise the living standard of the people, to narrow down the socioeconomic gap between the rich and the poor and finally aim to achieve sustainable development in promoting the private sector of national economy in line with the policy, law and by-law already set before.

   (c) To deter economic transactions that will shed bad effect on the national interests in accordance with the law.

2. To promulgate the law that will deter the monopolization of economy by a person or an organization.
3. To take necessary actions to provide equal opportunities for the economic development in the respective Union, Regions and States and self-administered Regions/ Zones.
4. To allocate the national budget in a fair and equitable manner in accordance with the Constitution between the Union Government and Regions and States Governments and Governments of Self-administered Regions/ Zones.
5. To share the management rights in economic affairs among the Union Government, Regions and States Governments and Governments of Self-administered Regions/ Zones in accordance with the Constitution.

6. To formulate and implement short-term, medium-term and long-term economic projects with transparency, accountability and responsibility.

## Social Sector Agreement
## (May 29, 2017)

(1) To lay the program systematically that can forge the durable solution for the internally displaced people and refugees due to natural disasters, human activities and armed conflicts without discrimination by following the international norms of human rights.
(2) To create the conditions for the internally displaced people and refugees due to natural disasters, human activities and armed conflicts to be able to settle and live in their home land or at any other place safely and with due regards.
(3) To boost the socioeconomic condition and to effectively safeguard the rights and privileges of the aged, the disabled, women and children regardless of the race, religion and wealth.
(4) To prevent and fight against the drug trafficking by laying the plan and implementing it considering the task a national issue pertaining to politics, security and rule of law.

## Principles for Regional Development

(1) To draw and implement the Regional Comprehensive Development Plans by coordinating among the Union Government and Regions and States Governments and Governments of Self-administered Regions/ Zones for the development of human resources and socioeconomic development.
Remark: To undertake the tasks without going against the laws and principles laid by the Union Government.
(2) To draw the suitable plans and programs that can attract domestic

and international investment in compliance with the prevailing law and implement it for the socioeconomic development of Regions and States and Self-administered Regions/ Zones.

## Social sector agreement (29 May 2017)

1. Systematic programs to be set-up and implemented to achieve a long-term durable solution for refugees and internally displaced persons caused by armed conflicts, man-made and natural disasters in accordance with international norms and respect for human rights.
2. Enable refugees and internally displaced persons caused by armed conflicts, man-made and natural disasters to return to their place of origin or settle to other places in dignity and safety.
3. Defend the fundamental rights of the old, handicapped, women and children without discriminating in race, religion, rich or poor and to work for the development of their social life.
4. Setup programs as national duty to effectively prevent and eradicate matters relating to narcotic considered to be a national, political, security and rule of law problem.

## Land and natural environmental sector agreement (29 May 2017)

1. A countrywide land policy that is balanced and support people centered long-term durable development.
2. Based on justice and appropriateness
3. A policy that reduce central control
4. Include human rights, international, democracy and federal system norms in drawing up land policy.
5. Policy on land matter should be transparent and clear.
6. In setting up policy for land development, the desire of the local people is a priority and the main requirements of the farmers must be

facilitated.

**Ownership Right**

7. All nationals have a right to own and manage a land in accordance with the land law. Women and men have equal rights.
   Management Right
8. Both women and men have equal rights to manage the land ownership matters in accordance with the land law.
9. If the land right granted for an original reason is not worked on in a specified period, the nation can withdraw the granted right and concede it to a person who will actually do the work.

**Preventive Program**

10. To aim toward protecting and maintaining the natural environment and preventing damage and destruction of lands that were social, cultural, historical heritages and treasured by ethnic nationals.

**References**

http://www.moi.gov.mm/moi:eng/?q=announcement/30/05/2017/id-10756

http://www.statecounsellor.gov.mm/en/node/904

# ပြည်ထောင်စုသဘောတူစာချုပ်

## အစိတ်အပိုင်း(၁)

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေ့ရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးအား နေပြည်တော်၌ ၂၀၁၇ ခုနှစ် မေလ (၂၄) မှ (၂၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က အဆိုပြု တင်သွင်းလာသော မူဝါဒ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူလက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်း အားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)မှာ-

(က) နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၂) ချက်၊

(ခ) စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၁) ချက်၊

(ဂ) လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၄) ချက်၊

(ဃ) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် (၁၀) ချက်၊ စုစုပေါင်း (၃၇) ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)(ခ)(ဂ)(ဃ) ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀ (င) အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)အဖြစ် ဤပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၏စာမျက်နှာ(၂)

၁။ ဒေါက်တာတင်မျိုးဝင်း
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဦးထွန်းထွန်းဟိန်
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ပဒိုစောကွယ်ထူးဝင်း
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၏စာမျက်နှာ(၃)

# အသိသက်သေများ

(ဦးထုံ့ဖူးဒုက်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအေစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအေစုအဖွဲ့

(သိက္ခာတော်ရဆရာတော်တလွန်ကျဲအို)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ခွန်သန်းမြင့်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးထွန်းအောင်ကျော်)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(မိုင်းထွန်းမြိုင်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

နောက်ဆက်တွဲ(ခ)

## စီးပွားရေးကဏ္ဍမူဝါဒ သဘောတူညီချက်

## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

**ဖက်ဒရယ်စနစ်စီးပွားရေးဆိုင်ရာအခြေခံမူများ**

၁။ **ဈေးကွက် စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး**

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများက ခိုင်မာသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။

**မှတ်ချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့များက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်သည့်ဥပဒေများ ပေါ်ပေါက်လာပါက ဆောင်ရွက်ရန် ဖြစ်သည်။

(ခ) အဆိုပါမူဝါဒနှင့် ဥပဒေ၊နည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွား ဖွံ့ဖြိုးမှု ကွာဟချက်များ လျှော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development)တို့ကို ဦးတည်ဆောင်ရွက်ရန်။

(ဂ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် စီးပွားရေးလုပ်ဆောင်မှုများကို ဥပဒေနှင့်အညီ တားဆီးကာကွယ်ရန်။

၂။ လူတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့တစ်ခုက ဖြစ်စေ စီးပွားရေး လက်ဝါးကြီးအုပ်ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၃။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအသီးသီးတို့တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းတူညီမျှသော အခွင့်အလမ်းများ ရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်။

၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၆။ နိုင်ငံတော်၏ ကာလတို၊ကာလလတ်၊ကာလရှည် စီးပွားရေးစီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်။

**ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံမူများ**

၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်းများ (Regional Comprehensive Development Plans) ရေးဆွဲ အကောင်အထည်ဖော်ရန်။

**မှတ်ချက်။** ပြည်ထောင်စုအစိုးရကချမှတ်သော မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။

၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့်ဆွဲဆောင်မှုရှိသော အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည် ဖော်ရန်။



နောက်ဆက်တွဲ(ဂ)

## လူမှုရေးကဏ္ဍမူဝါဒ သဘောတူညီချက်

## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှု မရှိစေဘဲ နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစား လိုက်နာပြီး ရေရှည် ရှင်သန်ရပ်တည်နိုင်ရေး (Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်လုပ်ဆောင်ရန်။

၂။ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာရသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချ နေထိုင်နိုင်ရန်။

၃။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာ စသည်ဖြင့် ခွဲခြားမှု မရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရန်။

၄။ မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပြဿနာအဖြစ် သတ်မှတ်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စီမံချက် ချမှတ်ဆောင်ရွက်ရန်။

နောက်ဆက်တွဲ(ယ)

## မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍမူဝါဒ သဘောတူညီချက်

## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။

၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။

၃။ ဗဟိုထိန်းချုပ်မှု လျှော့ချသည့် မူဝါဒများဖြစ်စေရန်။

၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်း စဉ်းစားရေးဆွဲရန်။

၅။ မြေယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့်ရှင်းလင်းသည့်မူဝါဒများဖြစ်စေရန်။

၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

### ပိုင်ဆိုင်ခွင့်

၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှု ရှိရမည်။

### စီမံခန့်ခွဲခွင့်

၈။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသား အခွင့်အရေး တန်းတူညီမျှမှု ရှိစေရန်။

၉။ လုပ်ပိုင်ခွင့် ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်း မရှိလျှင် နိုင်ငံတော်က ပြန်လည်ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူ များအား ပြန်လည်ချထားပေးရေးဆောင်ရွက်စေရန်။

### အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ

၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင်အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ် ထားသော မြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်။